**စီးပွားရေးလုပ်ငန်းများ၏ လူ့အခွင့်အရေးဆိုင်ရာအကျိုးသက်ရောက်မှုများကို မှတ်တမ်းတင်ရာတွင် စစ်ဆေးရန်အချက်များ**

# အဲန်ဂျီအိုအဖွဲ့များနှင့် ရပ်ရွာအခြေပြုအဖွဲ့များအတွက် မေးလေ့ရှိသောမေးခွန်းများ

---

**မေး။** ဘာကြောင့်မှတ်တမ်းတင်တာလဲ?

**ဖြေ။** ကုမ္ပဏီတစ်ခု သို့မဟုတ် ကုမ္ပဏီများပါဝင်နေသော လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုကို မှတ်တမ်း ပြုခြင်းသည် အဆိုပါကုမ္ပဏီ၏ လုပ်ဆောင်ချက်များကို ပြုပြင်ပြောင်းလဲရန် သို့တည်းမဟုတ် တာဝန်ခံမှုရှိနိုင်ရန်အတွက် အသိပေးစေနိုင်သည့် အရေးကြီးသော ပထမဆုံးခြေလှမ်း ဖြစ်နိုင်ပါသည်။

မှတ်တမ်းပြုပြီးသည့်အခါ ၎င်းမှတ်တမ်းကို အသိပေးဆွေးနွေးမှုများ ဆက်လက်ပြုလုပ်နိုင်ရန် အတွက် အသုံးပြုမည်ဖြစ်သည်။ ဥပမာအားဖြင့် - ထိခိုက်ခံလူထုနှင့် ကူညီပံ့ပိုးမှု/ အကြံများ ပေးနိုင်မည့် အခြားအဖွဲ့အစည်းများအကြား ချိတ်ဆက်ပေးခြင်း၊ မီဒီယာနှင့် ချိတ်ဆက်ခြင်း သို့မဟုတ် အွန်လိုင်းလှုပ်ရှားမှုများပြုလုပ်ခြင်း၊ သို့မဟုတ် ဥပဒေကြောင်းအရ အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ခြင်း။

မှတ်တမ်းကို အများပြည်သူက ရယူနိုင်ပြီဆိုပါက ကုမ္ပဏီ၏ လုပ်ဆောင်ချက်များကို သိရှိစေမည် ဖြ ဖြစ်ပြီး ၎င်းလုပ်ဆောင်ချက်များ ပြောင်းလဲစေနိုင်ရန်အတွက်လည်း ဖိအားပေးနိုင်မည်ဖြစ်သည်။

**မေး။** စစ်ဆေးရန်အချက်တွေက ဘယ်လိုအထောက်အကူဖြစ်စေမှာလဲ?

**ဖြေ။** စစ်ဆေးရန်အချက်များအားဖြင့် ဒေသခံအဖွဲ့များက ကုမ္ပဏီ(များ) ပါဝင်နေသော လူ့အခွင့်အရေး ကိစ္စရပ်များ၏ အဓိကရှုထောင့်များကို မှတ်တမ်းတင်ရာ၌အကူအညီဖြစ်စေမည်ဖြစ်သည်။ လူ့အခွင့်အရေး ကိစ္စရပ်များကို မှတ်တမ်းတင်ခြင်းသည် ရှုပ်ထွေးသောလုပ်ငန်းစဉ်တစ်ရပ် ဖြစ်နိုင် ပါသည်။ စစ်ဆေးရန် အချက်များအားဖြင့် အခြေအနေတစ်ရပ်ကို ပြည့်စုံစွာမှတ်တမ်းပြုနိုင်ရန် ရည်ရွယ်ထားခြင်းမဟုတ်ပါ။ သို့သော် အဓိကအချက်များကို မှတ်သားရေးသွင်းထားနိုင်ရန်နှင့် ဖြစ်စဉ်ကို မှတ်တမ်းတင်ထားနိုင်မည် ဖြစ်သည်။ ထိုမှတဆင့် ရပ်ရွာလူထု၊ ၎င်းတို့နှင့်အတူတကွ ဆောင်ရွက်နေသော အဖွဲ့အစည်းများက ဆက်လက်လုပ်ဆောင်ရမည့်အဆင့်များကို ဖော်ထုတ် နိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့အနေနှင့် စစ်ဆေးရန်အချက်များတွင်ပါဝင်သော မေးခွန်းတစ်ခုစီအတွက် လမ်းညွှန်ချက် များနှင့် ဥပမာများ ထပ်ပေါင်းဖြည့်သွင်းပေးသွားမည်ဖြစ်သည်။ သို့ဖြစ်၍ စစ်ဆေးရန်အချက်များ ကိုလည်း မှတ်တမ်းပြုထားနိုင်မည့် ဖြစ်ရပ်များပေါ် အခြေခံ၍ ဆက်လက်ပြင်ဆင်၊ တိုးမြင့်၊ ပြောင်းလဲနေမည်ဖြစ်သည်။

**မေး။** ဒီ စစ်ဆေးရန်အချက်တွေကို ဘယ်လိုဖြစ်ရပ်မျိုးအတွက် အသုံးပြုနိုင်ပါသလဲ?

**ဖြေ။** ကြုံတွေ့ရသောဖြစ်ရပ်တစ်ခုတည်းအတွက် အသုံးပြုနိုင်ပါသည် - ဥပမာ စက်ရုံမီးလောင်ခြင်း၊ လူ့အခွင့်အရေးကိစ္စရပ်အတွက် ဆောင်ရွက်ပေးသူကို ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် ရေပုံ့ပိုးမှုစနစ်အတွင်း ဓါတုပစ္စည်းများ ဖိတ်စင်ခြင်း။

လူအမြောက်အများ ပါဝင်ထိခိုက်နေပြီး ပိုမိုကျယ်ပြန့်သည့် လူ့အခွင့်အရေး အခြေအနေများကို မှတ်တမ်းတင်နိုင်ရန်အတွက်လည်း အသုံးပြုနိုင်ပါသည်။ ဥပမာ - လူထုကို အဓမ္မ နေရာရွှေ့ပြောင်း စေပြီး ဆန္ဒဖော်ထုတ်ခြင်းမပြုနိုင်ရန် ခြိမ်းခြောက်ခြင်းနှင့် ရေရယူမှုကို ဟန့်တားခြင်း။

**မေး။** ဒေသသုံး ဘာသာစကားနဲ့ မရနိုင်ဘူးဆိုရင် ဘယ်လိုလုပ်ရမလဲ?

**ဖြေ။** စစ်ဆေးရန်အချက်များကို သက်ဆိုင်ရာ ဒေသဘာသာစကားအဖြစ် ဘာသာပြန်ဆိုထားခြင်းကို အားပေးပါသည်။ မှတ်တမ်းတင်ရာတွင် မည်သည့်ဘာသာစကားနှင့်မဆို မှတ်တမ်းတင်နိုင်ပါသည်။

**မေး။** မေးခွန်းအားလုံးကို ဖြေဖို့လိုမလား?

**ဖြေ။** မလိုပါ။ ဖြစ်ရပ်အများစုတွင် မေးခွန်းအားလုံးဖြေဆိုနိုင်မည့် လုံလောက်သော အဖြေကို ရရှိနိုင်မည်မဟုတ်ပါ။ ထို့အတွက် အချို့မေးခွန်းများကို "မသိရှိရပါ" ဟု ညွှန်းဆိုနိုင်ပါသည်။

ဖြစ်ရပ်အသေးစိတ်အတွက် ပထမမေးခွန်းသုံးခုဖြင့် လုံလောက်ပါသည်။ မေးခွန်း (၄) မှ (၆) အထိမှာ ထပ်မံ ပံ့ပိုးပေးနိုင်မည့်မေးခွန်းများဖြစ်ပြီး ဖြေဆိုရာတွင် အဲန်ဂျီအိုအဖွဲ့တစ်ဖွဲ့၏ ပါဝင်ရန်လိုအပ်နိုင်ပါသည်။

**မေး။** ဓါတ်ပုံတွေ၊ ဗီဒီယိုတွေထည့်လို့ရလား?

**ဖြေ။** ရပါသည်။ ထည့်သွင်းဖို့ ဖြစ်နိုင်သည်/ မည်သည့်အန္တရာယ်မှ မဖြစ်နိုင်ဆိုပါက ၎င်းတို့သည် မှတ်တမ်းတင်ရာ၌ အရေးကြီးအရာများဖြစ်နိုင်ပါသည်။ မည်သူကရိုက်ကူးခဲ့သည်၊ မည်သည့် အချိန်တွင် ရိုက်ကူးသည်၊ မည်သည့်အချက်ကိုပြသည်ဟူသော အသေးစိတ်အချက်အလက်များကိုပါ ထည့်သွင်းပေးသင့်ပါသည်။

**မေး။** စစ်ဆေးရမယ့်အချက်တွေပြည့်စုံပြီဆိုရင် ဘာဖြစ်မလဲ?

**ဖြေ။** ပြည့်စုံပြီးဖြစ်သည့်မှတ်တမ်းကို စီးပွားရေးနှင့် လူ့အခွင့်အရေးများဆိုင်ရာ အရင်းအမြစ်စင်တာ (Business & Human Rights Resource Centre) ထံသို့ ကျေးဇူးပြု၍ ပေးပို့ပေးပါ။

လက်ခံရရှိသည့်အပေါ် အသေးစိတ်အချက်အလက်များကို ရှင်းလင်းနိုင်ရန်နှင့် ထပ်မံဆောင်ရွက်ရမည့် အဆင့်များအတွက် ဆက်သွယ်မည်ဖြစ်သည်။ ၎င်းတို့တွင် အောက်ပါအချက်များ ပါဝင်နိုင်ပါသည် -

- ရပ်ရွာလူထု/အဖွဲ့အစည်းနှင့် သက်ဆိုင်ရာ အသိပေးဆွေးနွေးပေးမည့် အဖွဲ့အစည်းအကြား ချိတ်ဆက်ပေးခြင်း
- ဖြစ်ရပ်အပေါ် ကုမ္ပဏီ(များ)၏ လူသိရှင်ကြားတုံ့ပြန်မှုကို ရယူခြင်း
- မှတ်တမ်းကို www.business-humanrights.org ဝက်ဘ်စာမျက်နှာနှင့် အခြား လမ်းကြောင်းများပေါ်တင်၍ သတင်းအချက်အလက် ဖြန့်ဝေခြင်း

**မေး။** စစ်ဆေးရန်အချက်က အဖြေတွေကို အများကိုချပြမှာလား?

**ဖြေ။** မှတ်တမ်းပြုအဖွဲ့/ပုဂ္ဂိုလ်၏ သဘောတူညီမှုဖြင့်သာ ချပြမည်ဖြစ်သည်။ ဆိုလိုသည်မှာ စစ်ဆေးရန်အချက်များမှတဆင့် မှတ်တမ်းတင်ပြီးသည့်အခါ အများပြည်သူသိရှိနိုင်ရန် ချပြမည်ဖြစ်သော်လည်း အဆိုပါသတင်းအချက်များ၏ ထိရှလွယ်ဖြစ်မှုကို သတိထားမည်ဖြစ်ပါသည်။

**မေး။** တကယ်လို့ အန္တရာယ်ကြုံရနိုင်တဲ့အခြေအနေမှာရှိနေတဲ့သူတွေ ပါဝင်နေရင် ဘာဖြစ်မလဲ?

**ဖြေ။** စစ်ဆေးရန်အချက်များဖြည့်သွင်းစဉ်ကတည်းက ရှင်းလင်းစွာညွှန်ပြထားသင့်ပါသည်။ အဆိုပါ အန္တရာယ်ကြုံရနိုင်သော အခြေအနေတွင်ရှိနေသူ၏ သဘောတူညီချက်ဖြင့်သာ သတင်းအချက်အလက်များကို ပေးသင့်ပါသည်။

**မေး။** ဒီ စီမံချက်တွေရဲ့ ရေရှည်အစီအစဉ်က ဘာတွေဖြစ်မလဲ?

**ဖြေ။** စစ်ဆေးရန်အချက်များနှင့် မှတ်တမ်းပြုခြင်းမှတဆင့် ကမ္ဘာတဝှမ်းတွင်အစပြုလျက်ရှိသော အခြား မှတ်တမ်းပြုခြင်းများနှင့်အတူ အွန်လိုင်းအခြေပြု လေ့လာသင်ယူမှုအဝန်းအဝိုင်းတစ်ခု တည်ထောင်နိုင်ရန် (Online COP) နှင့် စီးပွားရေးလုပ်ငန်းများ၏ လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းများ ကတဆင့် သင်ယူရရှိနိုင်ရန် ရည်ရွယ်ပါသည်။ ဤနည်းအားဖြင့် ရပ်ရွာလူထုများကလည်း အွန်လိုင်းရှိ စစ်ဆေးရန်အချက်များအပေါ်/ မှတ်တမ်းများအပေါ် ၎င်းတို့၏ တုံ့ပြန်ချက်များကို ၎င်းတို့ ကိုယ်တိုင် တင်ပေးနိုင်မည်ဖြစ်သည်။

ရည်ရွယ်သည်မှာ နေရာဒေသအသီးသီးရှိ ရပ်ရွာလူထုနှင့် ဒေသ ခံအဖွဲ့များအနေနှင့် စီးပွားရေး လုပ်ငန်းများနှင့် ဆက်နွယ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းပြုနိုင်မည့် နည်းလမ်း များကို ရရှိစေမည်ဖြစ်ပြီး၊ ပြောင်းလဲမှုအတွက် တွန်းအားပေးရာ၌လည်း အထောက်အပံ့ဖြစ်စေမည် ဖြစ်သည်။